# ပြည်သူများ လုံး၀ (လုံး၀) မပေါ့ဆကြပါနှင့်

နေပြည်တော်၊ (၂၀၂၀) ပြည့်နှစ်၊ ဩဂုတ်လ (၂၁) ရက်

- ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၂၀-၈-၂၀၂၀) ရက်နေ့၊ မြန်မာစံတော်ချိန် (၁၉:၄၅) နာရီ အချိန်တွင် ထုတ်ပြန်သော သတင်းအချက်အလက်များအရ -
- တစ်ကမ္ဘာလုံးတွင် COVID-19 ရောဂါဖြစ်ပွားမှုအခြေအနေမှာ **ခါတ်ခွဲအတည်ပြုလူနာဦးရေ စုစုပေါင်း (၂၂,၄၉၂,၃၁၂) ဦးနှင့် သေဆုံးသူဦးရေ စုစုပေါင်း (၇၈၈,၅၀၃) ဦး** ရှိပါသည်။

ရောဂါဖြစ်ပွားမှုအများဆုံး (၁၀) နိုင်ငံ၏ COVID-19 ဖြစ်ပွားမှု အခြေအနေမှာ -

| စဉ် | နိုင်ငံ | လူဦးရေ (သန်းပေါင်း)* | COVID-19 ဖြစ်ပွားသူဦးရေ | | | ရောဂါကြောင့် သေဆုံးသူဦးရေ (၂၀-၈- ၂၀၂၀) အထိ |
|---|---|---|---|---|---|---|
| | | | (၁၉-၈-၂၀၂၀) | (၂၀-၈-၂၀၂၀) | တစ်ရက်အတွင်း ထပ်တိုး လူနာ အသစ် | |
| ၁။ | အမေရိကန် | ၃၂၉.၁ | ၅,၃၉၃,၁၃၈ | ၅,၄၃၁,၀၄၆ | ၃၇,၉၀၈ | ၁၇၀,၆၄၀ |
| ၂။ | ဘရာဇီး | ၂၁၂.၄ | ၃,၃၉၅,၅၇၀ | ၃,၄၀၇,၃၅၄ | ၄၇,၇၈၄ | ၁၀၉,၈၈၈ |
| ၃။ | အိန္ဒိယ | ၁၃၆၈.၇ | ၂,၇၆၇,၂၇၃ | ၂,၈၃၆,၉၂၅ | ၆၉,၆၅၂ | ၅၃,၈၆၆ |
| ၄။ | ရုရှ | ၁၄၃.၉ | ၉၃၇,၃၂၁ | ၉၄၂,၁၀၆ | ၄,၇၈၅ | ၁၆,၀၉၉ |
| ၅။ | တောင်အာဖရိက | ၅၉.၃ | ၅၉၂,၁၄၄ | ၅၉၆,၀၆၀ | ၃,၉၁၆ | ၁၂,၄၂၃ |
| ၆။ | ပီရူး | ၃၂.၉ | ၅၄၁,၄၉၃ | ၅၄၉,၃၂၁ | ၇,၈၂၈ | ၂၆,၆၅၈ |
| ၇။ | မက္ကဆီကို | ၁၂၈.၉ | ၅၂၅,၇၃၃ | ၅၃၁,၂၃၉ | ၅,၅၀၆ | ၅၇,၇၇၄ |
| ၈။ | ကိုလံဘီယာ | ၄၉.၈ | ၄၇၆,၆၆၀ | ၄၈၉,၁၂၂ | ၁၂,၄၆၂ | ၁၅,၆၁၉ |
| ၉။ | ချီလီ | ၁၈.၃ | ၃၈၈,၈၅၅ | ၃၉၀,၀၃၇ | ၁,၁၈၂ | ၁၀,၅၇၈ |
| ၁၀။ | စပိန် | ၄၆.၈ | ၃၆၄,၁၉၆ | ၃၇၀,၈၆၇ | ၆,၆၇၁ | ၂၈,၇၉၇ |

* UNFPA မှ ၂၀၁၉ ခုနှစ်တွင် ထုတ်ပြန်ထားသော လူဦးရေစာရင်း

မြန်မာနိုင်ငံ၊ အိမ်နီးချင်းနှင့် အာရှဒေသနိုင်ငံအချို့၏ COVID-19 ဖြစ်ပွားမှု အခြေအနေမှာ -

| စဉ် | နိုင်ငံ | လူဦးရေ (သန်းပေါင်း)* | COVID-၁၉ ဖြစ်ပွားသူဦးရေ | | | ရောဂါကြောင့် သေဆုံးသူဦးရေ (၂၀-၈- ၂၀၂၀) အထိ |
|---|---|---|---|---|---|---|
| | | | (၁၉-၈-၂၀၂၀) | (၂၀-၈-၂၀၂၀) | တစ်ရက်အတွင်း ထပ်တိုး လူနာအသစ် | |
| (က) | ပါကစ္စတန် | ၂၂၀.၉ | ၂၉၀,၄၄၅ | ၂၉၀,၉၅၈ | ၅၁၃ | ၆,၂၀၉ |
| (ခ) | ဘင်္ဂလားဒေ့ရှ် | ၁၆၈.၁ | ၂၈၂,၃၄၄ | ၂၈၅,၀၉၁ | ၂,၇၄၇ | ၃,၇၈၁ |
| (ဂ) | ဖိလစ်ပိုင် | ၁၀၉.၆ | ၁၆၉,၂၁၃ | ၁၇၃,၇၇၄ | ၄,၅၆၁ | ၂,၇၉၅ |
| (ဃ) | အင်ဒိုနီးရှား | ၂၆၉.၅ | ၁၄၃,၀၄၃ | ၁၄၄,၉၄၅ | ၁,၉၀၂ | ၆,၃၄၆ |
| (င) | တရုတ်ပြည်သူ့ သမ္မတနိုင်ငံ | ၁၄၂၀.၁ | ၈၉,၉၈၀ | ၉၀,၀၁၃ | ၃၃ | ၄,၇၁၃ |
| (စ) | စင်္ကာပူ | ၅.၉ | ၅၅,၉၃၈ | ၅၆,၀၃၁ | ၉၃ | ၂၇ |
| (ဆ) | ထိုင်း | ၆၉.၃ | ၃,၃၈၂ | ၃,၃၈၉ | ၇ | ၅၈ |
| (ဇ) | ဗီယက်နမ် | ၉၇.၄ | ၉၈၉ | ၉၉၄ | ၅ | ၂၅ |
| (ဈ) | မြန်မာ | ၅၄.၃ | ၃၉၆ | ၄၀၉ | ၁၃ | ၆ |

ဤကဲ့သို့ ကမ္ဘာတစ်ဝန်းတွင် COVID-19 ကူးစက်ဖြစ်ပွားသေဆုံးမှုများ ဆက်လက်များပြားလျက်ရှိသောကြောင့် ပြည်သူများအနေဖြင့် ပေါ့ဆမှု (လုံးဝ) မရှိဘဲ အောက်ပါအချက်များကို ဆက်လက်လိုက်နာကျင့်သုံးပါက မြန်မာနိုင်ငံ၌ COVID-19 ကူးစက်မှုဒုတိယလှိုင်းဖြစ်ရန် အလားအလာ အလွန်နည်းပါမည်။

(က) တတ်နိုင်သမျှ လူစုလူဝေးရှိရာ နေရာများသို့ မလိုအပ်ဘဲ (လုံး၀) မသွားကြပါရန်။

(ခ) တစ်ဦးနှင့် တစ်ဦး တတ်နိုင်သမျှ ခပ်ခွာခွာ နေထိုင်ကြပါရန်။ ဖြစ်နိုင်ပါက အနည်းဆုံး (၆) ပေ အကွာမှသာ နေထိုင်ပြောဆိုဆက်ဆံကြပါရန်။

(ဂ) (လိုအပ်၍) အပြင်ထွက်ပါက၊ လူစုလူဝေးရှိသည့်နေရာများသို့သွားပါက သွားသည့်အခါတိုင်း ပါးစပ်နှင့် နှာခေါင်းစည်း (mask) ကို စနစ်တကျ မပျက်မကွက် တပ်ဆင်ကြပါရန်။

(ဃ) လက်တွင်ကပ်ပါလာနိုင်သော ဗိုင်းရပ်စ်ပိုးကို ပျက်စီးစေရန်အတွက် လက်ကို ဆပ်ပြာနှင့်ရေ အသုံးပြု၍ အနည်းဆုံး စက္ကန့် (၂၀) ကြာအောင် ဆေးကြောကြပါရန်။

ပြည်ထောင်စုဝန်ကြီး
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန